ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့

စာအမှတ်၊ ၉ / ၁ - ၃ /(၁၈ )(လမရ)/အဖရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်

ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအားလုံး (မကွေး)
(မကွေးတိုင်းဒေသကြီးအတွင်း)

အကြောင်းအရာ။ နယ်မြေကျော်ခရီးသွားလာသူများအား Facility Quarantine (၂၁)ရက် ထားရှိဆောင်ရွက်ရန်ကိစ္စ

၁။ Coronavirus Disease 2019(COVID-19)ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအတွင်းမှ အချို့သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်ကြသူများနှင့် မကွေးတိုင်းဒေသကြီးအတွင်း အခြားနေရာဒေသများသို့ သွားလာနေသူများကို ဝင်/ထွက်သွားလာခွင့် မပြုသည့်အတွက် မလိုလားအပ်သောပြဿနာများ ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ လိပ်မူပါဌာနများအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အခြားနေရာများသို့ သွားလာ၍ လုပ်ကိုင်နေသူများကို မြို့နယ်/ ကျေးရွာများအတွင်းသို့ ဝင်/ထွက် သွားလာခွင့် ပိတ်ပင်ခြင်းအား ဆောင်ရွက်ခြင်းမပြုရန်နှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ နယ်မြေကျော်ခရီးသွားလာပြီး ပြန်လည်ရောက်ရှိလာသူများကိုသာ သက်ဆိုင်ရာ၊ ရပ်ကွက်/ ကျေးရွာများရှိ သတ်မှတ်နေရာများ၌ Facility Quarantine (၂၁)ရက်ထားရှိပြီးမှ ၎င်းတို့ နေအိမ်များ၌ နေထိုင်စေရေး ညွှန်ကြားဆောင်ရွက်ရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)
( ဝေဇင်ထွန်း၊ အတွင်းရေးမှူး )

မိတ္တူကို

မကွေးတိုင်းဒေသကြီးအဆင့် Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ
လှည့်လည်စာတွဲ
ရုံးလက်ခံ

April 2020